# နအဖ စစ်အစိုးရ ပြုတ်ကျ တော့မည်လော




ဩဂုတ်(စ်)တလတည်းတွင် လ(၂) ကြိမ်ကွယ်နေမှုကြောင့် နအဖစစ်အစိုးရ ပြုတ်ကျကိန်း ရှိကြောင်း စစ်တွေ တွင် သတင်းများ ဖြစ်ပေါ်နေ

ယခုနှစ် ဩဂုတ်(စ်)လ မှာ တခြားသာမန်လများနှင့်မတူဘဲ ထူးခြားသော သင်္ကေတအမှတ် အသားများ ပါဝင် နေသဖြင့် နအဖ စစ်အစိုးရ သည် အဆိုပါလအတွင်း ပြုတ်ကျကို ပြုတ်ကျ တော့မည် ဖြစ်ကြောင်း စစ်တွေတွင် သတင်းဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။
အမည်မဖေါ်လိုသူ စစ်တွေမှ လူကြီးတဦးက "အခုလာမယ့် ဩဂုတ်(စ်)လမှာ လကွယ် နှစ်ကြိမ် ထပ်နေတဲ့အတွက် နအဖ စစ်အစိုးရ ပြုတ်ကျတော့မယ်ဆိုပြီး လူတွေက ကျယ်ကျယ် လောင်လောင်နဲ့ ပြောဆိုနေကြတာ ဖြစ်ပါတယ်။" ဟု ပြောသည်။

ယခုကဲ့သို့ ပြောဆိုနေကြခြင်းမှာ လာမည့် ဩဂုတ်(စ်)လ တလတည်းတွင် လနှစ်ကြိမ်ကွယ် နေ၍ဖြစ်ကြောင်း ယခုကဲ့သို့ လတလတည်း တွင် လနှစ်ကြိမ်ကွယ်ခြင်းမှာ အလွန်ရှားပါး ကြောင်းနှင့် ယခုကဲ့သို့ လတလတည်းတွင် လနှစ်ကြိမ်ကွယ်နေပါက တိုင်းပြည်တွင် ထူးခြား သော ဖြစ်ရပ်များ ပေါ်ပေါက်တတ်ကြောင်း အဆိုပါလူကြီးက ပြောသည်။

အဆိုပါ သတင်းအရ ရခိုင်ပြည် ဧည့ဝတီပြက္ခဒိန်အား ဆန်းစစ်ကြည့်ရာ ဩဂုတ်(စ်)လ ၁ ရက်နေ့မှာ ဝါဆိုလကွယ် ဖြစ်နေပြီး ဩဂုတ် (စ်)လ ၃၀ နေ့မှာ ဝါခေါင်လကွယ် ဖြစ်နေ ကြောင်းကို တွေ့ရှိရသည်။

ရခိုင် နက္ခတ်ဗေဒနှင့် သမိုင်းသုတေသီ အရှင် အိန္ဒာစက္ကမှ"မြန်မာနိုင်ငံဟာ ၁၂၄၇ ခုနှစ် တန်ဆောင်းမုန်း လပြည့်ကျော် ( ၈) ရက်နေ့မှာ သီပေါမင်း ပါတော်မူခဲ့တယ်။ အင်္ဂလိပ်လဆို ရင် နိုဝင်ဘာလ ဖြစ်ပါတယ်။ အေးဒီလမှာ လပြည့်နှစ်ကြိမ် ထပ်ခဲ့တဲ့အတွက် သီပေါမင်း ပါတော်မူခဲ့တယ်ဆိုပြီး အယူရှိခဲ့တာတွေလည်း ရှိပါတယ်။ ဒါကြောင့် လူတွေက ခုလာမယ့် ဩဂုတ်(စ်)လမှာ လကွယ်နှစ်ခု ထပ်နေတဲ့ အတွက် ခုလို နအဖစစ်အစိုးရ ပြုတ်ကျတော့မယ် ဆိုပြီး ပြောဆိုနေကြတာ ဖြစ်တယ်လို့ ယူဆရပါတယ်။ နက္ခတ်ဗေဒ အလိုအရဆိုရင် တော့ ခုလိုတလတည်းမှာ လနှစ်ကြိမ်ကွယ်နေတဲ့အတွက် သက်ဆိုင်ရာအစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရားတွေဟာ ပြိုပျက်နိုင်တယ်။ အုပ်ချုပ်သူ မင်းတို့ဟာ အာဏာ လက်လွှတ် ရမယ့် သဘောမျိုး ရှိနေတယ်လို့ ပြောလို့ရပါတယ်။"ဟု မိန့်ကြားသည်။

ယခုကဲ့သို့ ဩဂုတ်(စ်)လတွင် လကွယ်နှစ်ကွယ်ထပ်နေသဖြင့် သက်ဆိုင်စစ်အစိုးရ အာဏာပိုင်များက

ရခိုင်ပြည်နယ်ရှိ တန်ခိုးကြီးဘုရား များတွင် ယတြာချေခြင်းများကို လျို့ဝှက် ပြုလုပ် ကြကြောင်း သတင်းရရှိသည်။

## ပြိတ္တာတွေ နေတဲ့ဗမာပြည်။

ကယ်ဆယ်ရေး ပစ္စည်းများပေးပို့မည့် ရဟတ်ယာဉ်များကို စစ်အာဏာပိုင်များက တားမြစ်ထား

ညဏ်မောင်။ ဇွန် ၅၊ ၂၀၀၈

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသမှ နာဂစ်လေဘေးဒုက္ခသည် (၂.၄) သန်းအတွက် ကယ်ဆယ် ရေးပစ္စည်းများ ပေးပို့မည့် ဟယ်လီကော်ပတာများကို မြန်မာအာဏာပိုင်များက တားမြစ်ထား လျှက်ရှိသည်။

ယခုလက်ရှိ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ရဟတ်ယာဉ် (၁၀) စီးအပြင် နောက်ထပ် (၉) စီးကို စစ်အစိုးရက ဝင်ရောက်ခွင့်မပြုကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပေါလ်ရစ်စ်လီက ဘန်ကောက်မြို့တွင် ယမန်နေ့က ပြောဆိုလိုက်ခြင်း ဖြစ်သည်။

မုန်တိုင်းတိုက်ခတ်စဉ်အချိန်ကတည်းက ဒုက္ခရောက်နေသည့် ဆိုင်ကလုံးဒုက္ခသည် တဝက်ခန့်အတွက်သာ ကယ်ဆယ်ရေးပစ္စည်းများရရှိပြီး ယနေ့ချိန်ထိ မည်သည့်အကူအညီမှမရသေးသူ ထက်ဝက်ခန့် ကျန်ရှိသေးသည်ဟု ၎င်းက ပြောသည်။

"လွန်ခဲ့တဲ့နှစ်ပတ်ကတည်းက ဟာကျူလီအုပ်စုက ရဟတ်ယာဉ် (၁၀) စီး ဘန်ကောက်ကို သယ်လာတာ၊ သူတို့နဲ့ ဆို အလုပ်အများကြီး တွင်ကျယ်အောင်လုပ်နိုင်မယ်၊ မေလ (၂) ရက်နေ့ကတည်းက (WFP) က ရဟတ် ယာဉ်တစီးပဲ ဝင်ရောက်ခွင့်ရပြီးတော့ ဇွန်လ (၂) ရက်နေ့ ရောက်မှ လပွတ္တာမြို့ကို ရောက်တယ်"ဟု ရစ်စ်လီက ပြောသည်။

စစ်အစိုးရအာဏာပိုင်များက အမေရိကန်ရေတပ်သင်္ဘောများကို မြစ်ဝကျွန်းပေါ် ကမ်းခြေများ အရောက် ကယ်ဆယ်ရေးပစ္စည်းများ ပို့ပေးမည့်အစီအစဉ်ကို ငြင်းပယ်ခဲ့သည့်အတွက် ယနေ့ ပြန်လည်ထွက်ခွာသွားကြပြီး ကုလစာရင်းများအရ သေဆုံးသူ (၇၇,၀၀၀) ကျော်နှင့် ပျောက်ဆုံး နေသူ (၅၅,၀၀၀) ကျော်ရှိသေးကာ လူပေါင်း (၅) သိန်းမှ (၆) သိန်းခန့်ထိ မြစ်ဝကျွန်းပေါ်ဒေသ မှ ပြောင်းရွှေ့ခံနေကြရသည်ဟု ဆိုသည်။

နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သားများကို မြစ်ဝကျွန်းပေါ်ဒေသသို့ သွားရောက်ခွင့်ပြုသဖြင့် ကယ်ဆယ် ရေးပစ္စည်းများရရှိမှု တိုးတက်လာသော်လည်း သယ်ဆောင်မည့် ပို့ဆောင်ရေး ယာဉ်များကြောင့် နှောင့်နှေး နေသည်ဟု ကုလသမဂ္ဂအရာရှိတဦးက ဆိုသည်။

စစ်အစိုးရ၏ ငြင်းပယ်မှုကြောင့် အမေရိကန်စစ်သင်္ဘော USS Essex ဦးဆောင်သော ကယ်ဆယ် ရေးပစ္စည်း များ တင်ဆောင်လာသည့် ရေတပ်သင်္ဘောအုပ်စုသည် ယနေ့ပြန်လည်ထွက်ခွာတော့ မည်ဖြစ်ကြောင်း ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးက မနေ့က ကြေညာ ချက်ထုတ်ပြန်ခဲ့သည်။

"မြန်မာအာဏာပိုင်တို့က ကယ်ဆယ်ရေးပစ္စည်းများ လက်ခံဖို့ ငြင်းပယ်လိုက်တဲ့အတွက် ဝမ်းနည်းပါတယ်၊ မုန်တိုင်းကြောင့် ဒုက္ခသည်တသန်းကျော်ကတော့ အခုအချိန်ထိ ကယ်ဆယ် ရေးပစ္စည်းများ မရတဲ့အတွက် လူတွေ ထောင်နှင့်ချီပြီး သေကြေပျက်စီးနေရတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အချိန်သိပ်ဖြုန်းလို့မရဘူး"ဟု ယမန်နေ့က အိမ်ဖြူတော်၏ကြေညာချက်တွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် လူပေါင်းတသန်းခွဲခန့် အစားအသောက်အကူအညီ လိုအပ်လျှက်ရှိပြီး အခြား ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ တနေ့စာအတွက် အစားအစာ မက်ထရက်တန် (၄၀၀) ခန့် ဖြန့်ဝေဖို့ ရည်ရွယ် ထားကြောင်း ဖွန်လ (၂) ရက်နေ့တွင် ရစ်စ်လီက ပြောဆိုခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျှက် ရှိပြီး ကုလ သမဂ္ဂအနေနှင့်လည်း ပိုမိုပါဝင်ဆောင်ရွက်ရမည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာရုံး ညှိနှိုင်းရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ မစ္စစ်အမန်ဒါပစ်က ဘန်ကောက် မြို့တွင် ယမန်နေ့က ပြောဆိုခဲ့သည်။http://www.yoma3.org/news/2008/june/yahatyin-tarmyintther.html

## ချစ်တီးထက်တောင် ဆိုးသေးဗျာ..ဘယ်မလဲဟဲ့ ဂဠုန်ဆရာစံ..နအဖကိုအပြုတ်နှံရန်။

ပဲခူးတိုင်းက ကျွဲကောင်ရေ (၂၀၀၀) အဓမ္မကောက်ခံ

ဗထူး။ ဖွန် ၄၊ ၂၀၀၈

မုန်တိုင်းဒဏ်ခံရသည့် ဒေသများသို့ ပို့ဆောင်ရန် ကျွဲအကောင်ရေ (၂၀၀၀) အဓမ္မကောက်ခံမည်ဟု စစ်ဘက် နှင့် နီးစပ်သူတဦးက ပြောသည်။

လေဘေးဒဏ်သင့်ခဲ့သည့် ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်ရန်ဟု ဆိုကာ ပြည် နယ်တိုင်းအချို့မှ ခိုင်းကျွဲများကို စစ်အစိုးရက အဓမ္မကောက်ခံ စုဆောင်းနေခြင်း ဖြစ်သည်။

ယမန်နေ့ကစတင်ကာ ရန်ကုန်မှ ဧရာဝတီတိုင်းသို့ ကျွဲများ တင်ပို့နေရာ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးကား များဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

"မနေ့က အကောင်ရေ (၂၀၀) စပို့နေတာပါ၊ ထောက်ပံ့ပို့ဆောင်ရေးတပ်ရင်းက ကားတွေနဲ့ ကားတစီးကို (၅) ကောင်နှုန်းတင်ပြီး ပို့နေတာ၊ မေးကြည့်တော့ ပဲခူးတိုင်းဘက်က ကောက်လာ တဲ့ ကျွဲတွေလို့ပြောတယ်"ဟု စစ် ဘက်နှင့်နီးစပ်သူတဦးက ဆိုသည်။

အဆိုပါကျွဲများကို သက်ဆိုင်ရာ မြို့နယ်ကျေးရွာအုပ်စုအလိုက် ကောင်ရေသတ်မှတ်နှုန်းဖြင့် အတင်းအဓမ္မ ကောက်ခံခဲ့ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဘက်သို့ ပို့ဆောင်နေသည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ပြီးခဲ့သည့် မေလ (၂၀)ရက်နေ့ကလည်း စစ်အစိုးရက မွန်ပြည်နယ်ဘက်မှ ခိုင်းကျွဲများကို ညအရောက်

ပုသိမ်မြို့ သို့ ရန်ကုန်မှပို့ဆောင်ခဲ့ပြီး မွန်ပြည်နယ်မှ ကျွဲသတ်မှတ်ကောင်ရေမှာ (၅၀၀၀) ဖြစ်သည်။ စစ်အစိုးရက အခြားပြည်နယ်တိုင်းများမှလည်း လေဘေးကူညီရန် အလှူငွေ၊ မျိုးစပါး၊ နိုင်းကျွဲ များကို အဓမ္မကောက်ခံနေကြောင်း သတင်းများဖြစ်ပေါ်နေသည်။
http://www.yoma3.org/news/2008/june/BuffloForNargisRegions.html

THURSDAY, JUNE 05, 2008

## နအဖ တွေကို..ဒီလိုလုပ်မှရတယ်.

နိုင်ငံတကာ ခေါင်းဆောင်များခင်ဗျား။
ကယ်ဆယ်ရေး ပစ္စည်းများ တင်ဆောင်လာသော သင်္ဘောကြီးများကို ကမ်းကပ်ခွင့် မပေးသည့်အတွက် နိုင်ငံတကာ ရေပြင်တွင် မျက်နှာငယ်ငယ်နှင့် စောင့်နေရကြောင်း ကြားသိရပါသည်။ ထိုသင်္ဘောများတွင် အများထင်သလို စားနပ်ရိက္ခာနှင့် ဆေးဝါးများ တင်ဆောင်လာခြင်း မဟုတ်ဘဲ အမျိုးသမီး ဒုက္ခသည်များအတွက် အထူးဦးစားပေးအနေဖြင့် ဖက်ရှင်အထည်ဆန်းများ၊ နောက်ဆုံးပေါ် နှုတ်ခမ်းနီနှင့် မိတ်ကပ်၊ မျက်တောင်ကော့ဆေးများ အပြည့် ပါရှိကြောင်း သတင်းထုတ်ပြန်ပေးစေလိုပါသည်။ ဗိုလ်ချုပ်ကတော်များ သည် ထိုသင်္ဘောများကို ချက်ချင်း ပြည်ဝင်ခွင့်ပြုရန် သူတို့ယောက်ျားများကို အမိန့်ပေးပါလိမ့်မည်။

ခွန်အားဖြည့် ဘီစကစ်များကို ဒုက္ခသည်များထံ ပေးသလောက် မဝေသည့်အတွက် အလှူရှင်များ စိတ်မကောင်းဖြစ်နေသည်ဟု သိရပါသည်။ ခွန်အားဖြည့် ဘီစကစ်ဟု အမည်ပေးမိသည်မှာ မှားယွင်းကြောင်း၊ စားသုံးသူကို ပိန်လှီအားပြတ်စေမည့် ခွန်အားပျက် ဘီစကစ်သာ ဖြစ်ကြောင်း သတင်းများများလွှင့်လိုက်လျှင် ဂိုဒေါင်ထဲတွင် သိမ်းထားသည့် ထိုဘီစကစ်များကို အများပြည်သူထံ အကုန်အစင် ဖြန့်ဝေရန် ညွှန်ကြားချက် ထွက်လာပါလိမ့်မည်။

နိုင်ငံတကာမှ ကယ်ဆယ်ရေး ကျွမ်းကျင်သူများ ပြည်ဝင်ခွင့် မရသည့်အတွက် ဘန်ကောက်တွင် ငိုကြွေးနေကြကြောင်း သိရပါသည်။ ကူညီခွင့် မရ၍ ငိုစရာ မလိုပါခင်ဗျား။ မိမိတို့သည် ကယ်ဆယ်ရေးသမားများ မဟုတ်ဘဲ နိုင်ငံတကာလှည့်၍ ခိုးဆိုးလုယက် စားနေရသူများ ဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ရှိ မဆယ်ရသေးသော အလောင်းများမှ နာရီ၊ လက်စွပ်၊ ပုဆိုးတို့ကို ချွတ်ယူရန် မြန်မာပြည်သို့ လာခြင်းဖြစ်ကြောင်း ပြောဆိုလျှောက်ထားပါက ပြည်ဝင်ခွင့် ချက်ချင်း ရရှိပါလိမ့်မည်။ မြန်မာအစိုးရသည် ဘဝတူ ခိုး-ဆိုး-ခါးတို့အပေါ် အလွန် ကြင်နာတတ်ပါသည်ခင်ဗျား။
နိုင်ငံခြားသား ကယ်ဆယ်ရေးဝန်ထမ်းများ မုန်တိုင်းသင့် ဒေသများသို့ လွတ်လပ်စွာ သွားရောက်ခွင့် မရသည့်အတွက် စိတ်ညစ်နေရ သည်ဟု ဆိုပါသည်။ စိတ်ညစ်ရမည့် ပြဿနာ မဟုတ်ပါ။ ဒုက္ခသည်များကို ကူညီရန် သွားရောက်ကြည့်ရှုခြင်း မဟုတ်ဘဲ မုန်တိုင်းကြောင့် ပြောင်တလင်းခါသွားသော နေရာများတွင် နိုက်ကလပ်များ၊ ဘားနှင့် အနှိပ်ခန်းများ အပြည့်ပါရှိသော ပုရိသကြိုက် မြို့တော်ကြီး အစားထိုး တည်ဆောက်ရန် ပဏာမ သွားရောက်စစ်ဆေးလိုခြင်းဖြစ်ကြောင်း ဖြေကြားပါက တံခါးမရှိ ဓားမရှိ သွားရောက်ကြည့်ရှုရပါလိမ့်မည်။
လေကြောင်းမှ ပို့ဆောင်လှူဒါန်းသည့် ပစ္စည်းများ မင်္ဂလာဈေး ရောက်ကုန်သည့်အတွက် မကျေမချမ်း ဖြစ်နေကြောင်း ကြားရပါသည်။ မြန်မာ့တပ်မတော်သားများ၏ စွန့်ရဲသဖွယ် လျင်မြန်သော စီးပွားရေးအမြင်ကို

ပြသခြင်း ဖြစ်ပါသည်ခင်ဗျား။ အလှူရှင်များအနေဖြင့် ထိုပစ္စည်းများကို ဖောက်သည်ဈေးနှင့် ပြန်ကောက်ပြီး ဒုက္ခသည်များထံ ပြန်ဝေငှလျှင် အားလုံး ပြေလည်သွားပါလိမ့်မည်။ ကယ်ဆယ်ရေး ဝန်ထမ်းများကို မှောင်ခိုဈေးကွက် စုံစမ်းနည်း၊ ဈေးဆစ်နည်း၊ ဂိုဒေါင်နားအရောက် ချဉ်းကပ်လက်တို့ ဝယ်ယူနည်းများကို ကယ်ဆယ်ရေးပစ္စည်း စုဆောင်းဖြန့်ဝေခြင်းဆိုင်ရာ နည်းလမ်းသစ်များအဖြစ် အရေးပေါ် သင်တန်းပို့ချပေးရန် အကြံပေးလိုပါသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ လာရောက်ပါက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ချက်ချင်း တွေ့ခွင့်မရမည့်အရေး စိတ်ပူနေသည်ဟု သိရပါသည်။ အတက်ချီကော့စ်ထဲတွင် အစိမ်းရောင် အရွက်ကြီးကြီး များများထည့်လာမည် ဖြစ်ကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အတက်ချီကော့စ်ကို ယူလာသည့်နေရာတွင် အမြဲ မေ့ကျန်တတ်ကြောင်း ကြိုတင် သတင်းပေးထားပါက လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း တွေ့ခွင့်ရပါလိမ့်မည်။

အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား "အမေရိကန် ပြည်ထောင်စုကို လက်ခံပါ"ဟု တောင်းပန်နေရသည်ဟု ကြားသိရပါသည်။ ဗိုလ်ချုပ်မှူးကြီးသည် အမေရိကန် ပြည်ထောင်စုကို၊ အထူးသဖြင့် အမေရိကန် သမ္မတများကို အလွန်လက်ခံလိုသူ ဖြစ်ပါသည်။ အစိမ်းရောင် စက္ကူများပေါ်က အမေရိကန် သမ္မတများကို ဗိုလ်ချုပ်မှူးကြီးသာမက တမိသားစုလုံးပါ လက်ခံ၍ မဝနိုင်အောင် ရှိကြပါသည်။ မယုံလျှင် စမ်းကြည့်ပါခင်ဗျား။

မြန်မာစစ်အစိုးရကို မဆက်ဆံတတ်သေးရှာသော နိုင်ငံတကာ ခေါင်းဆောင်များအတွက် နည်းနာနိသယများ သနားသဖြင့် ညွှန်ပြ လိုက်ခြင်း ဖြစ်ပါသည်။ ထပ်မံ သိလိုသည်များ ရှိပါက ဆည်းကပ်မေးမြန်းနိုင်ပါသည်။ မြန်မာပြည်သည် အင်တာနက် ကော်နက်ရှင် အလွန် ချာတူးလန်ခြင်း၊ ဖုန်းလိုင်း မကြာခဏ ပြတ်တတ်ခြင်းတို့ကြောင့် အီးမေး၊ ဖုန်းတို့ဖြင့် ဆက်သွယ် မေးမြန်းပါက ၂၁ ရာစုမကုန်မီ အချိန်မီ ဖြေကြားရန် အာမ,မခံနိုင်ပါ။ ကျွန်ုပ်ဦးအစမှ နည်းအတိုင်း ပုလင်းထဲ စာထည့်၍ ကပ္ပလီပင်လယ်ဝမှ မျှောလိုက်ပါလေ။ မြန်မာပြည်သူများ ဆယ်ယူရရှိလျှင် ကရုဏာ ရှေ့ထား၍ မသိသည်များကို ရှင်းပြဖြေကြားပေးရန် အသင့်ရှိပါကြောင်း။

x x x

ဩော်…အကြီးအကဲရယ်

ကြိုင်လှမောင်မောင်